# သာမန်ကာလ (၁၆)ကြိမ်မြောက် တနင်္ဂနွေနေ့

ရှင်လုကာ ၁၀း၃၈ - ၄၂

အခြေခံအားဖြင့် ပြောရမယ်ဆိုရင် ဘုရားသခင်က ကျနော်တို့ လူအားလုံးကို အလုပ်လုပ်ဖို့ ခေါ်တော်မူပါတယ်။ သင်ဟာ အိမ်ထောင်ဦးစီးတစ်ယောက်ဆိုရင် သင့်အိမ်ထောင်ဦးစီးတာဝန်ကို သစ္စာရှိရှိလုပ်ဖို့၊ သင်က သာသနာပြု ဘုန်းကြီး သီလရှင်ဆိုရင် သာသနာ့လုပ်ငန်းကို ခွန်အားရှိရှိ စိတ်အားထက်သန်စွာ လုပ်ဆောင်ဖို့ ခေါ်တော်မူထားပါတယ်။ ယနေ့ဖတ်ရတဲ့ ဒုတိယကျမ်းစာ ကော်လောဆဲသြဝါဒစာ ၁း၂၅ မှာ ရှင်ပေါလူးက "ဘုရားသခင်၏ နှုတ်တော်ထွက်စကားကို အပြည့်အဝဟောပြောနိုင်ရန် ကိုယ်တော်သည် ငါ့ကို သင်တို့အတွက် အမှုတော်ဆောင်အဖြစ် ခန့်ထားတော်မူ၏။" တဲ့ ။ သင်ဟာလည်း အိမ်ထောင်ဦးစီးဖြစ်နေလို့ အိမ်ထောင်ဦးစီးတာဝန်ကို အပြည့်အဝ စေတနာအပြည့် စိတ်ပါဝင်စားစွာ လုပ်နေရင် သင်ဟာ ဘုရားပေးတဲ့တာဝန်ကို ကျေပွန်တာပါပဲ၊ တရားဟောပြောနေသလိုပါပဲ "အိမ်ထောင်ဦးစီးဆိုတာ ငါ့လို သစ္စာရှိရှိလုပ်ရတယ်" လို့ ဟောပြောနေရာရောက်သွားပါပြီ။

ဒီလိုပါပဲ လူတိုင်းက မိမိဘဝအဆင့်အတိုင်းရှိနေတဲ့လုပ်ငန်းဆောင်တာကို စိတ်ပါဝင်စားစွာ လုပ်နေရင် ဘုရားရဲ့တရားတော်ကို ဟောပြောနေသလိုပါပဲ။ ယနေ့ဖတ်ရတဲ့ ကျမ်းစာတွေမှာ အာဗြဟံ နဲ့ မာသားတို့ရဲ့ ဧည့်ဝတ်ကျေပွန်တဲ့အကြောင်း ဖတ်ရပါတယ်။ အာဗြဟံဆိုရင် သူ မသိတဲ့ တစိမ်းဧည့်သည်တွေကို ပျာပျာသလဲ ဧည့်ခံတယ်၊ ဧည့်သည်တွေက ခရီးဆက်မယ်ပြောတာတောင်မှ သူက မရမကတားပြီး "ခဏ နားကြပါအုံး၊ စားစရာလေးတွေ စားပြီး အနားယူကြပါအုံး" တဲ့။ ယခုခေတ် တချို့အိမ်ရှင်တွေ- ဧည့်ဝတ်မကျေလိုက်ပုံများကတော့ ဧည့်သည်ရောက်တာနဲ့ တပြိုင်နက် "စားပြီးကြပြီမဟုတ်လား" လို့ ဆီးမေးတော့တာပဲ။ အာဗြဟံနဲ့တော့ ကွာဘ။ အာဗြဟံက သူမသိတဲ့ တစ်စိမ်းဧည့်သည်ကိုတောင် စေတနာထားတယ်နော်။ ကျနော်တို့လူတွေကတော့ စေတနာနဲ့ ဧည့်ဝတ်ကျေကြပါလိမ့်မယ် ကိုယ့်အမျိုးဆိုရင် ပြောတာ။ ဒါကြောင့် ယေဇူးဘုရားရှင်က ''ငါသည် တစ်စိမ်းဧည့်သည်ဖြစ်သောအခါ သင်တို့သည် ငါ့ကို ပျူငှါစွာ ကြိုဆိုကြ၏။" တဲ့။ ကျနော်တို့ သိကြတဲ့အတိုင်း ခရစ်ယာန် ဘုန်းကြီးကျောင်းဆို ဘယ်သူကမျှ လာမတည်းခိုချင်ဘူး။ လက်မခံချင်တာလိုလို၊ မကြည်တာလိုလို။ ဟော ဗုဒ္ဓဘာသာဘုန်းကြီးကျောင်းကိုပဲ တည်းခိုချင်ကြတယ်။ သူတို့က ဧည့်ဝတ်ပျူငှါကြတယ်လေ။ ထမင်းလည်း ကျွေးကြတယ်လေ။

ဒီလိုပါပဲ သခင်ယေဇူးနဲ့ တပည့်တော်ကြီးအဖွဲ့ကိုလည်း မာသားက စေတနာအပြည့်နဲ့ ဧည့်ခံကျွေးချင်လွန်းလို့ မီးဖိုချောင်ထဲမှာ အလုပ်ရှုပ်နေတယ်လေ။ သခင်ယေဇူးနဲ့ စကားထိုင်ပြောနေတာဆိုလို့ သူ့ညီမ မာရီယားတစ်ယောက်ထဲ ရှိတယ်။ မာသားက တက်တက်ကြွကြွ အလုပ်လုပ်နေတယ်ဆိုတာက ကောင်းပါတယ်။ ဒါပေမဲ့ သူ့စိတ်ထဲမှာ "မာရီယားက ဒီလောက်လုပ်စရာတွေများတာကို ဝိုင်းမကူပဲ ထိုင်နေတာကို မကျေနပ်ဘူးလေ။

ဒါကြောင့် မသိတတ်တဲ့မာရီယားကို သိအောင် သခင်ယေဇူးကို တိုင်ပြီး အခုလို ပြောလိုက်တယ် "သခင်ဘုရား၊ ကျမ၏။ ညီမဖြစ်သူသည် ကျမတစ်ဦးတည်း ဧည့်ခံခြင်းအမှုဆောင်ရွက်ရန် ပစ်ထားသည်ကို သတိမမူပါသလော။ သို့ဖြစ်၍ ကျမကိုကူညီရန် သူမအား အမိန့်ရှိတော်မူပါ" ဟု လျှောက်လေ၏။ သခင်ယေဇူး ပြန်ဖြေတာက မာသား အလုပ်ရှုပ်နေတာကိုလည်း အပြစ်မပြောဘူး၊ မာရီယားက စကားစမီပြောနေတာကိုလည်း အပြစ်မမြင်ဘူး။ ဒါပေမဲ့ မိန့်တော်မူလိုက်တာက "မာသား၊ မာသား သင်သည် များစွာသောအမှုကိစ္စတို့အတွက် စိုးရိမ်ပူပန်ခြင်း ရှိ၏။ လိုအပ်သောအရာ တစ်ခုတည်းသာရှိ၏။ မာရီယားသည် ထိုကောင်းမြတ်သောအရာကို ရွေးချယ်လေပြီ။ ထိုအရာကို သူမထံမှ ဖယ်ရှား၍ ရလိမ့်မည်မဟုတ်" လို့ မိန့်တော်မူပါတယ်။ မာသားကတော့ တက်ကြွတဲ့လှုပ်ရှားမှုနဲ့ လုပ်နေပေမဲ့ သူ့စိတ်က ညီးတွားနေတယ်၊ ငြူစူနေတယ်။ မကျေမနပ်ဖြစ်နေတယ်။ အားလျော့နေတယ်။ စိတ်ပျက်လက်ပျက် ဖြစ်နေပြီ။

အဲဒါပဲ ဘာသာသူတို့ သခင်ယေဇူးတို့အတွက် လုပ်ပေးနေတယ်၊ ဒါပေမဲ့ စိတ်ပျက်နေပြီ။ စိတ်မပျက်ပဲ ပျော်ပျော်ရွှင်ရွှင် လုပ်နိုင်ချင်သလား ၊ မာရီယားလေးလို ဘုရားရှေ့မှောက်မှာ စိတ်ငြိမ်စွာ ထိုင်ပါ၊ နှုတ်တော်ထွက်တရားကို စဉ်းစားဆင်ခြင်ပါ။ စကားစမီပြောခြင်းအားဖြင့် ဆုတောင်းပါ။ သင် တက်တက်ကြွကြွ၊ ပျော်ပျော်ရွှင်ရွှင်၊ စိတ်ပါဝင်စားစွာ အစေခံနိုင်ပါလိမ့်မယ်။

ဒါကြောင့်ပြောတာပေါ့။ ငါက ဘုရားအတွက် အလုပ်လုပ်နေတယ်၊ မာသားလိုပေါ့။ ကိုယ့်ရဲ့လုပ်ဆောင်နိုင်စွမ်းအတွက် ကိုယ်က ဂုဏ်ယူပြီး မြောက်ကြွားမြောက်ကြွားဖြစ်နေတယ်။ ငါက ဘုရားအတွက် အလုပ်လုပ်နေတယ်ဆိုပြီး ပြင်းပြင်းထန်ထန်ကို အလုပ်လုပ်နေတာ ဒါကြောင့် အလုပ်မှာ အတိမ်းအစောင်းလေးရှိတာနဲ့ ဒေါသပေါက်ကွဲပြီ။ သိတ်ကို တက်ကြွလွန်းတော့ အမှားမခံချင်ဘူး။ မဖြစ်မြောက်ရင် စိတ်ပျက်ပြီ။ အဲဒါပဲ ဘုရားအတွက် အလုပ်လုပ်နေပါတယ်ဆိုတဲ့သူတွေကို ကြောက်နေရတာ။

ဘုရားအတွက် အလုပ်လုပ်ပေးနေရတယ်ဆိုလို့ ဘုရားကတောင် မင်းကို ကျေးဇူးတင်ရမည့်သဘောဖြစ်နေပြီ၊ ဟုတ်တယ်လေ၊ သူက ဘုရားအတွက်လို့ ပြောနေတာ။ တကယ်တမ်းဖြစ်ရမှာက "ဘုရားအတွက် အလုပ်လုပ်နေတာထက် ဘုရားအလုပ် လုပ်နေတာ" လို့ ဆိုရင် ပိုမှန်လိမ့်မယ်။ ဘုရားအလုပ် လုပ်တယ်ဆိုတာက ဘုရားလုပ်သလို လုပ်တာကို ဆိုလိုတာပါ။ ဘုရားက ချစ်သလို ချစ်ပြီး လုပ်တာ၊ ဘုရားက အနစ်နာခံ ပူဇော်ပြီးလုပ်သလို ငါကလည်း အဲလိုစိတ်ထားတဲ့လုပ်ရင် အဲဒါ ဘုရားအလုပ်ကို လုပ်တယ်လို့ ခေါ်ပါတယ်။

မာရီယားလို ဘုရားလုပ်သလုပ် လုပ်ပါ။ မာရီယားလို ဝိညာဉ်ခွန်အား ပြည့်ဝပြီးမှ လုပ်ပါ။ မာရီယားလို ဘုရားရဲ့လမ်းညွှန်ချက်အတိုင်း လုပ်ပါ။ ဒါဆို သင်က စိတ်ဓါတ်မကျပဲ လုပ်နိုင်လိမ့်မယ်။ ပျော်ပျော်ရွှင်ရွှင် အစေခံနိုင်ပါလိမ့်မယ်။ နားဆင်သူအားလုံးအပေါ် ဘုရားသခင့် ကောင်းကြီးမင်္ဂလာများ ခံစားကြရပါစေ။